ပုံစံ(၉)

ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်
( နည်းဥပဒေ ၁၇(ဃ) )
ခုံသမာဓိအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး
ရန်ကုန်မြို့
အငြင်းပွားမှုအမှတ် ( ၇ / ၂၀၂၃ )

| | |
|---|---|
| ဒေါ်တင်တင်ယုပါ(၂)ဦး ( Layout Supervisor )<br>အမှတ်(၁၆၈)၊ အောင်မေတ္တာ(၅)လမ်း၊ (၂)ရပ်ကွက်၊<br>မရမ်းကုန်းမြို့နယ်၊<br>၀၉ - ၉၆၉ ၆၂၀ ၆၀၉ | နစ်နာ၍တောင်းဆိုသူ |

နှင့်

| | |
|---|---|
| ဦးမိုးကျော် ( အလုပ်ရှင် )<br>Myanmar Marketing Research &<br>Development Co.,Ltd (MMRD)<br>ဦးဉာဏ်လင်းထွန်း ( HR Department )<br>( အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲခြင်းခံရသူ )<br>ရွှေပြည်စုံဈေး၊ (၇-၉)လွှာ၊ စက်ရုံလမ်း၊<br>မင်္ဂလာတောင်ညွန့်မြို့နယ်။<br>၀၉ - ၇၆၅ ၄၀၃ ၈၉၅ | တောင်းဆိုခြင်းခံရသူ |

ရက် စွဲ ။ ၂၀၂၃ ခု နှစ်၊ မေ လ ၁၁ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ရုံလမ်း၊ ရွှေပြည်စုံဈေး၊ (၇-၉) လွှာရှိ အလုပ်ရှင် ဦးမိုးကျော်၊ အလုပ်ရှင်၏ အထူးကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူ ဦးဉာဏ်လင်းထွန်း (HR Department)တို့ ပိုင်ဆိုင်လုပ်ကိုင်သော Myanmar Marketing Research & Development Co.,Ltd (MMRD) နှင့် အလုပ်သမား ဒေါ်တင်တင်ယုပါ(၂)ဦးတို့ အကြားဖြစ်ပွားသောအငြင်းပွားမှုကို မင်္ဂလာတောင်ညွန့်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်လာသဖြင့် ကြားနာစစ်ဆေး ဆုံးဖြတ်လိုက်သည်။

၂။ ဤခုံသမာဓိအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးခံချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

အမှုဖြစ်စဉ်အကျဉ်းချုပ်

၃။ ယခုအငြင်းပွားမှုသည် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ရုံလမ်း၊ ရွှေပြည့်စုံဈေး၊ (၇-၉)လွှာရှိ Myanmar Marketing Research & Development Co.,Ltd (MMRD) ရန်ကုန်လမ်းညွှန်၏ လုပ်ငန်းပိုင်ရှင် ဦးမိုးကျော်က ဒေါ်တင်တင်ယုနှင့် ဒေါ်ဝင်းစန္ဒီမော် (Layout Supervisor) တို့အား ၂၀၂၃ ခုနှစ်၊ မတ်လလယ်မှစတင်၍ လစာများ ပေးချေခြင်းမရှိဘဲ အမြဲတမ်းဝန်ထမ်းမှ Project Base နေ့စားဝန်ထမ်းသဘော ပြောင်းရွှေ့လာ၍ စားဝတ်နေရေး ထိခိုက်နစ်နာဆုံးရှုံးမှုများဖြစ်ပွားနေသည့်အတွက် မူလနေရာ၊ မူလရာထူး၊ မူလလစာ အတိုင်း ပေးရန် သို့မဟုတ် အလုပ်ရပ်စဲမှုနစ်နာကြေးပေးရန် တောင်းဆိုမှုကို မင်္ဂလာတောင်ညွန့်မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က ညှိနှိုင်းပေးခဲ့သော်လည်း ပြေလည်မှုမရရှိ၍ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းပေးပို့လာသော အငြင်းပွားမှုဖြစ်ပါသည်။

ကောက်ချက် ။ (က) အလုပ်ရှင်က ဒေါ်တင်တင်ယုနှင့် ဒေါ်ဝင်းစန္ဒာမော်တို့အား မူလနေရာ၊ မူလရာထူး၊ မူလလစာပေးရန် သင့် / မသင့်။

(ခ) အလုပ်ရှင်က ဒေါ်တင်တင်ယုနှင့် ဒေါ်ဝင်းစန္ဒီမော်တို့အား အလုပ်ထုတ်နစ်နာကြေးပေးရန် သင့် / မသင့်။

တွေ့ရှိချက်

၄။ Myanmar Marketing Research & Development Co.,Ltd (MMRD) ရန်ကုန်လမ်းညွှန်၊ မန္တလေးလမ်းညွှန် ထုတ်လုပ်သည့်လုပ်ငန်းသည် IT နည်းပညာတိုးတက်လာသည်နှင့်အမျှ အသုံးပြုသူ နည်းပါးလာပြီး Layout Production ဌာန၏ လုပ်ငန်းရပ်ဆိုင်းသွားသည့် သဘော တွေ့ရှိရသည်။

၅။ ဒေါ်တင်တင်ယုပါ(၂)ဦးက ထွက်ဆိုရာတွင် ၎င်းတို့သည် လုပ်သက်(၁၀)နှစ်နီးပါး Myanmar Marketing Research & Development Co.,Ltd (MMRD) ၏ Layout Production Development တွင် Layout Supervisor အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါကြောင်း၊ ၂၀၂၀ ခုနှစ်၊ မေလမှစ၍ Covid-19 ရောဂါစတင်ဖြစ်ပွားချိန်တွင် လစာ (၄၀၀၀၀ိ/-) လျှော့ချခဲ့ပါကြောင်း၊ ၂၀၂၃ ခုနှစ်၊ မတ်လမှစ၍ ကုမ္ပဏီခေတ္တရပ်နားထားပြီး ဝန်ထမ်းများအား တစ်လလျှင် (၁၀၀၀၀၀ိ/-)ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ သို့သော် ၂၀၂၃ ခုနှစ်၊ ဧပြီလတွင် တစ်ကြိမ်၊ မေလတွင် တစ်ကြိမ်၊ (၂)ကြိမ်သာ ထောက်ပံ့ခဲ့ပါကြောင်း၊ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလမှစ၍ ဝန်ထမ်းတစ်ဦးစီလျှင် ဆန်(၅)ကြွေ၊ ဆီ(၅)ပိဿာ၊ ငါးသေတ္တာ(၁)ဗူးတို့အား ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ

Scanned with OKEN Scanner

အထိ(၆)လ ထောက်ပံ့ပေးခဲ့ပါကြောင်း၊ HR ဌာနက Company Bitrix System မှတဆင့် Project Work ဖြင့် လုပ်ကိုင်ရန်နှင့် မလုပ်နိုင်ပါကလည်း ကုမ္ပဏီဝန်ထမ်းအဖြစ် ဆက်လက်ထားရှိမည်ဖြစ်ကြောင်းပြောခဲ့ပါကြောင်း၊ Project Work မှ တစ်ပတ်လျှင် အနည်းဆုံး(၁)ရက် (၈)နာရီနှင့် တစ်လလျှင် အနည်းဆုံး(၄)ရက် (၃၂)နာရီဖြစ်၍ လုပ်ငန်းလိုအပ်ချက်အရ လိုအပ်ပါက နာရီပြောင်းလဲမှုရှိကြောင်း၊ လစာပေးချေမှုအနေဖြင့် တစ်ပတ်လုပ်ခဲ့သော လုပ်ကိုင်ချိန်နှင့် (၁)နာရီလုပ်အားခမြှောက်၍ တွက်ချက်မည်ဖြစ်ကြောင်း၊ တစ်ပတ်တစ်ခါ လစာပေးချေမည်ဖြစ်ကြောင်း၊ State Of Emergemcy ကာလပြီးဆုံးသည့် အချိန်ထိဖြစ်ကြောင်း၊ ကုမ္ပဏီလည်ပတ်နေသရွေ့ ဝန်ထမ်းများ နုတ်ထွက်စာတင်သည်အထိ Myanmar Marketing Research & Development Co.,Ltd (MMRD) ဝန်ထမ်းအဖြစ်ထားရှိမည်ဖြစ်ကြောင်းပြောကြားခဲ့ပါကြောင်း၊ Layout Production ဌာနသည် ၂၀၂၂ ခုနှစ်၊ ဧပြီလတွင် မရှိတော့ပါကြောင်း၊ Project Work ဖြင့် ဒေါ်တင်တင်ယုသည် ၂၀၂၂ခုနှစ်၊ ဩဂုတ်လမှ ၂၀၂၃ ခုနှစ်၊ မတ်လအထိ လုပ်ကိုင်ခဲ့ပါကြောင်း၊ ဒေါ်ဝင်းစန္ဒီမော်သည် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလတွင် (၂)ပတ် လုပ်ကိုင်ခဲ့ပါကြောင်း၊ Layout အလုပ်မဟုတ်သည့်အတွက် Content Writer (Position)ကို ကျွမ်းကျင်စွာ မလုပ်နိုင်ပါကြောင်း၊ (MMRD)တွင် ဌာန(၁၁)ဌာနရှိသော်လည်း ဒေါ်တင်တင်ယုပါ(၂)ဦးတို့သည် ကျွမ်းကျင်သော အလုပ်မရှိ၍ မလုပ်လိုပါကြောင်း၊ အလုပ်ရှင်ကလည်း အလုပ်မှ ထုတ်ပယ်ခြင်းမရှိပါကြောင်း၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် Covid-19 မဖြစ်ခင်ရရှိခဲ့သော လစာ(၃)လစာ ပေးရန် တောင်းဆိုခဲ့ပါကြောင်း၊ အလုပ်ရှင်က မပေးခဲ့ပါကြောင်း၊ မိသားစု စားဝတ်နေရေး ထိခိုက်ဆုံးရှုံးမှုများရှိနေပါသဖြင့် မူလရာထူး၊ မူလလစာ၊ မူလနေရာဖြင့် ဥပဒေပါအခွင့်အရေးများနှင့် ကြားကာလနစ်နာကြေးပေးပြီး အမြန်ဆုံးအလုပ်ပြန်ခန့်ရန် သို့မဟုတ် အလုပ်ရပ်စဲမှုနစ်နာကြေးပေးရန် ထွက်ဆိုတင်ပြခဲ့ပါသည်။

၇။ အလုပ်ရှင်ကိုယ်စား ကိုယ်စားလှယ်လွှဲစာရရှိသူ HR ဦးဉာဏ်လင်းထွန်းမှ ထွက်ဆိုရာတွင် ကုမ္ပဏီလည်ပတ်ရန် အခက်အခဲရှိသဖြင့် Project Work ဖြင့် ပြောင်းလဲလုပ်ကိုင်ခဲ့ပါကြောင်း၊ ဒေါ်တင်တင်ယုမှာ လုပ်သက်(၁၀)နှစ်ကျော်၊ ဒေါ်ဝင်းစန္ဒီမော်မှာ လုပ်သက်(၇)နှစ်ကျော်ရှိပါကြောင်း၊ Covid-19 ကပ်ရောဂါကြောင့် စီးပွားရေးအခြေအနေအရ Layout Production ဌာနသည် ရပ်ဆိုင်းခဲ့ရပါကြောင်း၊ ကုမ္ပဏီမှာလည်း ၎င်းတို့(၂)ဦးနှင့် ကိုက်ညီမှုရှိသည့် အလုပ်ဟု သုံးသပ်၍ Content Writer အား မူလရာထူးမပျက်စေဘဲ လုပ်ကိုင်စေခဲ့ပါကြောင်း၊ ဒေါ်တင်တင်ယုပါ(၂)ဦး အပါအဝင် မည်သည့်ဝန်ထမ်းကိုမှ အလုပ်မှ ထုတ်ပယ်ထားခြင်းမရှိပါကြောင်း၊ မူလရာထူး၊ မူလလစာဖြင့် အလုပ်ပေးနိုင်ပါကြောင်း၊ အလုပ်ထုတ်ပယ်ခြင်းမရှိ၍ အလုပ်ရပ်စဲမှုနစ်နာကြေးပေးရန် ဆန္ဒမရှိပါကြောင်း တင်ပြထွက်ဆိုထားပါသည်။

Scanned with OKEN Scanner

သုံးသပ်ချက်

၈။ Myanmar Marketing Research & Development Co.,Ltd (MMRD)သည် ၂၀၂၁ ခုနှစ်၊ မတ်လမှစ၍ ဝန်ထမ်းများကို လစာအပြည့်ပေးချေနိုင်ခြင်းမရှိဘဲ တစ်လလျှင် ၁၀၀၀၀၀ဝိ/-နှုန်းဖြင့် (၂)လသာပေးချေနိုင်ပြီး ဝန်ထမ်းသက်သာအနေဖြင့် (၆)လသာ ထောက်ပံ့နိုင်ခဲ့သည်။ ကုမ္ပဏီ၏ လုပ်ငန်းမကောင်းမှုအပေါ်သိရှိပြီး ထိုသို့ပေးချေခဲ့မှုအပေါ် ဝန်ထမ်းများက ကန့်ကွက်မှုမရှိခဲ့ကြောင်း သုံးသပ်ရသည်။

၉။ တိုင်ကြားသူ ဒေါ်တင်တင်ယုနှင့် ဒေါ်ဝင်းစန္ဒီမော်တို့သည်လည်း ကုမ္ပဏီလုပ်ငန်းမကောင်းသည့်အတွက် လစာမဲ့ခွင့်ဖြင့် နေထိုင်ခဲ့ကြပြီး ကုမ္ပဏီမှ ကမ်းလှမ်းသော Project Work တွင်လည်း ဝင်ရောက်လုပ်ကိုင်ခဲ့သည့်အတွက် ဒေါ်တင်တင်ယုက ကျပ် ၂၀၀၀၀ဝိ/-၊ ဒေါ်ဝင်းစန္ဒီမော်က ကျပ် ၁၅၀၀၀ဝိ/-ကို နောက်ဆုံးထုတ်လစာအနေဖြင့် ရရှိခဲ့ကြောင်း သုံးသပ်ရရှိပါသည်။

၁၀။ တိုင်ကြားသူ ဒေါ်တင်တင်ယုနှင့် ဒေါ်ဝင်းစန္ဒီမော်တို့ တောင်းဆိုသော မူလနေရာသည် ၂၀၂၂ ခုနှစ်၊ ဧပြီလကတည်းက မရှိသည်ကို သိရှိပြီး Content Writer အဖြစ် Project Work ဖြင့် လုပ်ကိုင်ခဲ့ရာ ထိုလုပ်ငန်းအား ၎င်းတို့ ကျွမ်းကျင်မှုမရှိကြောင်းကို အလုပ်ရှင်က ပြောဆိုမှုမရှိဘဲ တောင်းဆိုသူများကသာ မကျွမ်းကျင်ကြောင်း ပြောဆိုခြင်းနှင့် ယခုတိုင် Layout Production ဌာနသည် ပြန်လည်ဖွင့်လှစ်ထားခြင်းမရှိသည်ကို သိရှိလျက် မူလနေရာကို ပေးရန်တောင်းဆိုနေခြင်းသည် အလုပ်ရပ်စဲမှုနစ်နာကြေးရယူလို၍ တောင်းဆိုနေကြောင်းသုံးသပ်ရရှိပါသည်။

၁၁။ အလုပ်ရှင်ကလည်း ဝန်ထမ်းများအား အလုပ်ထုတ်ပယ်ထားခြင်းမရှိ၍ အလုပ်ရပ်စဲမှုနစ်နာကြေးပေးရန် မဖြစ်နိုင်သကဲ့သို့ အလုပ်အကိုင်ရှားပါးပြီး မိသားစုစားဝတ်နေရေး ပြေလည်စေရန်အတွက် ဒေါ်တင်တင်ယုပါ(၂)ဦးအား မူလရာထူး၊ မူလလစာဖြင့် လုပ်နိုင်မှသာ အဆင်ပြေနိုင်မည်ဖြစ်ကြောင်း သုံးသပ်၍ အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်-

ဆုံးဖြတ်ချက်။

(၁) အလုပ်ရှင်က ဒေါ်တင်တင်ယုနှင့် ဒေါ်ဝင်းစန္ဒီမော်တို့အား မူလရာထူး၊ မူလလစာနှင့် သင့်တော်သော နေရာတွင် ဆုံးဖြတ်ချက်ချသည့်နေ့မှ (ခုနစ်) ရက်အတွင်း အလုပ်ပြန်လည်ခန့်ထားရန် ဆုံးဖြတ်လိုက်သည်။

(၂) အလုပ်ရှင်က ဒေါ်တင်တင်ယုနှင့် ဒေါ်ဝင်းစန္ဒီမော်တို့အား အလုပ်မှ ထုတ်ပယ်ခြင်း၊ ရပ်စဲခြင်းမရှိသည့်အတွက် နစ်နာကြေးပေးရန် မလိုကြောင်း ဆုံးဖြတ်လိုက်သည်။

၁၂။ ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

Scanned with OKEN Scanner

မှတ်ချက်။ (၁) ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနှစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူတစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။

(၂) မှတ်ချက် (၁) ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

(ခင်ကေသွယ်)
အတွင်းရေးမှူး

(လွင်လွင်မြင့်)
ဥက္ကဋ္ဌ

(ကျော်ရီဦး)
အဖွဲ့ဝင်

(ကျင်အေး)
အဖွဲ့ဝင်

(ဒေါက်တာခင်မောင်အေး)
အဖွဲ့ဝင်

( လစ်လပ် )
အဖွဲ့ဝင်

(မြင့်အောင်)
အဖွဲ့ဝင်

(ကျော်ဇေယျ)
အဖွဲ့ဝင်

(စောတင်)
အဖွဲ့ဝင်

( လစ်လပ် )
အဖွဲ့ဝင်

(ကျင်သိန်း)
အဖွဲ့ဝင်

Scanned with OKEN Scanner